ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

မြောင်မြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

မြစ်ဆုံကျေးရွာ၊မြစ်ဆုံကျေးရွာအုပ်စု မြောင်မြို့နယ် ၂၄ ရက် ဒီဇင်ဘာလ ၂၀၁၆ခုနှစ်

# မာတိကာ


မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။အစည်းအဝေးမှတ်တမ်းများ


၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။မြို့နယ်မြေပုံ



မြောင်မြို့နယ်၏ အခြေပြမြေပုံ
မြ
တ
စကေး ၁ လက်မ = ၂ မိုင်
33/11 KV,5MVA
70 mm²
1KV မြင်းမူ-မြောင်လိုင်း
95 mm²
66KV ဆီမီးခုံ-ပရိမ္မလိုင်း
ACSR 150 mm²
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
ဝါးနီးခွေမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
မြောင်မြို့
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- ရဲကင်းများ (၆)ခု

၂။ကျေးရွာမြေပုံ(တည်နေရာ)




## ၃။အုပ်စုတွင် ပါဝင်သောကျေးရွာစာရင်း

## (က)မြစ်ဆုံကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

မြစ်ဆုံကျေးရွာသည် နှစ်ပေါင်း(၂၀၀)ကျော်ခန့် ပုဂံခေါတ် က ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့ ပေါင်းဆုံ ရာမှဖြစ်ပေါ်လာခဲ့သည်။မင်းတုန်းမင်း၏ဆရာ ဦးစိန်ဏကာမူနိ အိန္ဒိယမှဝင်လာပြီး မြစ်နှစ်ခု ပေါင်းဆုံရာကို အစွဲပြု ပြီးစိုက်ပျိုးလုပ်ကိုင်စားသောက်ရန် ကောင်းမွန်သောကြောင့် မြစ်ဆုံ ကျေးရွာ ဟုအမည်ပေး နေထိုင်ရာမှ ယနေ့ထိတိုင် မြစ်ဆုံကျေးရွာဟု ဆက်လက်တည်ရှိ လာခဲ့ပါသည်။

### ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျားအိမ်ထောင်ဦးစီး | မအိမ်ထောင်ဦးစီး | စုစုပေါင်း |
|---|---|---|---|
| ၆၁၃ | ၅၂၃ | ၉၀ | ၆၁၃ |
| လူဦးရေ | ၁၂၅၈ | ၁၄၉၅ | ၂၇၅၃ |

### လူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၆၁၃ | ၁၂၅၈ | ၁၄၉၅ | ၂၇၅၃ |

### ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | စုစုပေါင်း |
|---|---|
| သက်ကြီးရွယ်အို | ၂၉၈ |
| မသန်စွမ်း | ၃၀ |

### ကျေးရွာရှိအခြေခံ အဆောက်အအုံများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား/စေတီ | √ |
| အလယ်တန်းကျောင်း | √ | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | √ | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**အဓိကစီးပွားရေးလုပ်ငန်းများ**

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | နွား | ဈေးဆိုင်ငယ် | လယ်ကူလီ |
| ပဲအမျိုးမျိုး | ကျွဲ | - | - |
| ဂျုံ | | - | - |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၈၇၇ ဧက | - | - | ရှိ | ၂၀ | ၂၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဆိုင်ကယ် | ကုန်စုံဆိုင်(အငယ်) | လက်ဖက်ရည်ဆိုင် | - | - | - |
| အရေအတွက် | ၁၀၀ | ၂၀ | ၅ | | | |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၀ | ၈၀ | ၈၀ | ၃၀၀ | ၃၅၀ | ၇၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | |
| အရေအတွက် | ၇၀ | | ၂၀ | ၄၀ | ၂၀ | - |

**အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ**

| အရင်းအမြစ် | ဆေးခန်း | အလယ် တန်းကျောင်း | ကျွမ်းကျင်လုပ်သား | လုပ်သား |
|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | ၃၀ | ၄၀ |


## ၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြနှင့် သယံ social map/ Resource map) | ၂၄.၁၂.၁၅ | ကျေးရွာလူထု | ၂၁၀ | ၁၆၉ | ၃၇၉ | အိမ်များ၊အခြေခံအဆောက်အ ဦး များ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၄.၁၂.၁၅ | ကျေးရွာလူထု | ၂၁၀ | ၁၆၉ | ၃၇၉ | ကျေးရွာလူမှုစီးပွား၊အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူသတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန် (seasonal ccalendar) | ၂၄.၁၂.၁၅ | ကျေးရွာလူထု | ၂၁၀ | ၁၆၉ | ၃၇၉ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ပညာရေး၊ ပွဲတော်များ၊ ရွှေ့ပြောင်းလုပ်သား |
| ၄ | အမျိုး/သမီး ပိုင်ဆိုင်မှု ပြဇယား (Acesses and Control) | ၂၄.၁၂.၁၅ | ကျေးရွာလူထု | ၂၁၀ | ၁၆၉ | ၃၇၉ | အမျိုးသား/သမီး တို့၏ အရင်းအမြစ်အပေါ် မည်သူ ကပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း၊ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၂၄.၁၂.၁၅ | ကျေးရွာလူထု | ၂၁၀ | ၁၆၉ | ၃၇၉ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများ မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၄.၁၂.၁၅ | ကျေးရွာလူထု | ၂၁၀ | ၁၆၉ | ၃၇၉ | အမျိုးသားနှင့်အမျိုးသမီး များ နှံးတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၇ | အဓိကအခက်အခဲပြဿနာများ | ၂၉.၁၂.၁၅ | အမျိုးသမီးအုပ်စု | | ၂၃၁ | ၂၃၁ | ဆွေးနွေးထားသောအခြေခံအဆောက်အဦးများနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | အဓိကအခက်အခဲ ပြဿနာများ | ၂၉.၁၂.၁၆ | အမျိုး သား အုပ်စု | ၂၂၃ | | ၂၂၃ | ဆွေးနွေးထားသောအခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |
| ၉ | ကျေးရွာ၏(၅) နှစ်စာဦးစားပေး အစီအစဉ်ပြဇယား | ၂၉.၁၂.၁၆ | ကျေးရွာ လူထု | ၂၂၃ | ၂၃၁ | ၄၅၄ | အကျိုးပြုဦးရေ၊အကျိုးခံစား ခွင့်နှင့် အဓိကလိုအပ်ချက်များ ပေါ် မူတည်၍ဆုံးဖြတ်သည်။ |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ



**ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

**လမ်းပန်းဆက်သွယ်ရေး**-ကျေးရွာအတွင်းရှိ အဓိကလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ ထိုလမ်းများသည် မိုးရာသီတွင် ရွံ့ပွတ်များဖြစ်၍ **သွားလာရ အလွန်ခက်ခဲပါသည်။** ရေကြီးချိန်တွင် ရေဝင်ဒေသဖြစ်သဖြင့် လမ်းများပျက်စီး တိုက်စားခြင်းများ ဖြစ်ပေါ်ပါသည်။ပတ်ဝန်းကျင်ရှိ ရွာများသို့ သွားရာ ရွာချင်းဆက်လမ်းများသည်လည်း ပျက်စီးသဖြင့် သွားလာရ အလွန်ခက်ခဲပါသည်။

**ကျန်းမာရေး**-ကျန်းမာရေးတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးဝါးမလုံလောက်မှုများ နှင့် မြို့သို့သွားရောက်ကုသရာတွင်လည်းရွာချင်းဆက်လမ်းများမကောင်းသောကြောင့်**သွားလာရခက်ခဲပါ** သည်။

**သောက်သုံးရေ**-သောက်သုံးရေအတွက် ကျေးရွာတွင် ရေတွင်းရေကန်များ အိမ်ထောင်စုတိုင်းတွင် မရှိပါ။သောက်သုံးရေသန့် ရရှိရန်အတွက် ရွာအတွင်းရှိ နီးစပ်ရာအိမ်တွင်းရှိရာများတွင် သွားရောက်ခပ်ယူ သောက်သုံးရပါသည်။

**အခြား**ကျေးရွာ၏အရှေ့ပိုင်းတွင်ဘုန်းကြီးကျောင်းရှိပြီးတဆက်တည်းတွင်အထက်တန်းစာသင်ကျောင်း ရှိ၍ပညာရေးအဆင်ပြေပါသည်။

**ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ-**

ကျေးရွာပတ်ဝန်းကျင်တွင်ကိုင်း၊ယာမြေများရှိပါသည်။ရွာတွင်အဆောက်အဦးလုပ်ငန်းအတွက်အဆင်ပြေစေသော သဲအရင်းအမြစ်ရှိပါသည်။

**စိုက်ပျိုးသောသီးနှံများ -** မြေပဲ၊မတ်ပဲ၊ကုလားပဲ၊ပဲနီပြား၊ပြောင်းဖူး၊စပါးစိုက်ပျိုးကြပါသည်။စိုက်ပျိုးသီးနှံများတွင် မြေပဲကိုအဓိကစိုက်ပျိုးကြပြီး မိရိုးဖလာစိုက်ပျိုးနည်းစနစ်များအတိုင်းစိုက်ပျိုးလုပ်ကိုင်ခြင်း၊ သီးနှံ တစ်မျိုးခြင်းစီအလိုက် ဒေသတွင်း ထွက်ရှိသော မျိုးစေ့များကိုသာ စိုက်ပျိုးကြပြီး အထွက်ကောင်းပြီး **ရာသီဉတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်မှုမရှိခြင်း၊** သီးနှံ စိုက်ပျိုးချိန် **ကာလတွင် စိုက်ပျိုးရေးအရင်းအနှီးနည်းပါးခြင်းများနှင့်ကြုံတွေ့ရပါသည်။**

**မီးဘေးကာကွယ်ရေး-**ကျေးရွာတွင် အရင်အခါက**မီးသတ်ရေကန်များ** ရှိသော်လည်း အသုံးမပြုသောကြောင့် **လက်ရှိတွင်ပျက်ဆီးနေပါသည်။** ထိုမီးသတ်ရေကန်များကို ပြုပြင်လိုက်လျှင်ကျေးရွာမီးဘေးအတွက် ကြိုတင်ကာကွယ်နိုင်ပါသည်။


**ကျေးရွာစာကြည့်တိုက်-**ကျေးရွာတွင် ရွာလူထုလုပ်အားဖြင့် အသိပညာတိုးတက်စေရန်အတွက် **စာကြည့်တိုက်ဆောက်လုပ်ရန် အင်အားမရှိသောကြောင့်** အစီအစဉ်ရေးဆွဲနေသော အနေအထား ရှိပါသည်။ ထိုစာကြည့်တိုက်အား ဆက်လက်တည်ဆောက်လိုက်လျှင် ကျေးရွာလူထုအား အသိပညာတိုးပွားမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

**အဓိကအခက်အခဲများ-**သီးနှံများသယ်ပို့ရောင်းချရန်၊ကျန်းမာရေးအတွက်အရေးပေါ်ပို့ဆောင်ရန် ရွာချင်းဆက်လမ်းများမကောင်းခြင်း၊စိုက်ပျိုးရေးနည်းပညာနည်းပါးခြင်း၊စိုက်ပျိုးစရိတ်များနည်းပါးခြင်း။ မျိုးကောင်း မျိုးသန့်များမရှိခြင်း။

## ၆.၂။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေဆုံး | စိုက်ပျိုးမြေ(၁၀)ကေနှင့်အထက်၊ထွန်စက်၊နွား(၂)ယှဉ်း၊ဆိုင်ကယ်၊လှည်း၊ပျဉ်ထောင်သွပ်မိုး(အိမ်) | ၄ | ၀.၅၄% |
| အဆင့်အတင့်အဆင်ပြေ | စိုက်ပျိုးမြေ(၅)ကေနှင့်အထက်၊ဆိုင်ကယ်၊လှည်း၊သွပ်မိုးထရံကာ(အိမ်)၊နွား(၁)ယှဉ်း | ၅၆ | ၇.၅၀% |
| နည်းနည်းနွမ်းပါး | စိုက်ပျိုးမြေ(၁)ကေနှင့်အထက်၊ထရံကာထန်းလက်မိုး၊နို့စားနွားမ(၁)ကောင် | ၂၀၀ | ၂၆.၇၇% |
| အနွမ်းပါးဆုံး | မြေယာမဲ့ လက်လုပ်လက်စား | ၄၈၇ | ၆၅.၁၉% |
| စုစုပေါင်း | | ၇၄၇ | ၁၀၀% |

## ၆.၃။ရာသီခွင်ပြ ပြက္ခဒိန်



## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

**ရာသီဥတု**-တပေါင်းလမှ နယုန်လလယ်အထိ နွေရာသီဥတုဖြစ်ပါသည်။တခါတရံ လေပြင်းတိုက်ခက်ပါသည်။နယုန်လလယ်မှ သီတင်းကျွတ်လကုန်ထိ မိုးရာသီဖြစ်ပါသည်။ရေကြီးလျှင် ကမ်းပါးများ ပြိုကျပြီး တခါတရံ **ရေကြီးရေလျှံဖြစ်**၍ **သွားလာရခက်ခဲပါသ**ည်။ရွာချင်းဆက်လမ်းများသည် ပျက်စီးပါသည်။ သီးနှံများသည်လည်း ပျက်စီးသော အခြေအနေများရှိပါသည်။ ဆောင်းရာသီဥတုကာလသည် တန်းဆောင်းမုန်းလမှ တပို့တွဲလလယ်ထိ ဖြစ်ပါသည်။ရာသီဥတုမှာ အလွန်သာယာသော အခြေအနေတွင် ရှိ၍ ထိုလတွင်အလုပ်အကိုင်အနည်းငယ်အဆင်ပြေပါသည်။

**စိုက်ပျိုးရေး**-တန်းခူးလမှ ကဆုန်လအထိ ထွန်ယက်စိုက်ပျိုးကြပြီး ဝါဆို၊ဝါခေါင်လများတွင် ပျိုးထောင်ကြပါသည်။ထို့နောက်တော်သလင်းလမှတန်းဆောင်မုန်းလထိစိုက်ပျိုးကြပါသည်။
နတ်တော်လတွင် ဆေးဖျန်းပြီး ပြာသိုလမှတပေါင်းလထိ ရိတ်သိမ်းကြပါသည်။နှစ်ပတ်လည်နီးပါး စိုက်ပျိုးရသောကြောင့် **စိုက်ပျိုးစရိတ်ငွေများ လိုအပ်သောအခက်အခဲများရှိသည်။** သီးနှံများ ရိတ်သိမ်းရာ **ခေတ်မှီနည်းပညာမရှိခြင်းကြောင့်** လေ့လွင်ဆုံးရှုံးမှုများရှိပါသည်။ စနစ်တကျသော **စိုက်ပျိုးနည်းစနစ်** များလိုအပ်သည်။စိုက်ပျိုးသော **သီးနှံအတွက်မျိုးကောင်းမျိုးသန့်များ လိုအပ်နေပါသည်။**

**မွေးမြူးရေး**-တိရစ္ဆာန်များအတွက် အစားအစာနှင့် နေရာခက်ခဲမှုကြောင့် တနိုင်တပိုင်သာလျှင် မွေးမြူကြပါသည်။အဓိက နွားများကို မွေးမြူကြပါသည်။အိမ်ခြေ၏ ၈၀% မွေးမြူပြီး တနှစ်လျှင် ပျမ်းမျှ ၅သိန်းခန့် ဝင်ငွေရှိပါသည်။မြစ်ရေကြီးချိန်တွင် **တိရစ္ဆာန်များအတွက် နေရာနှင့်အစားအစာ အခက်အခဲရှိပါသည်။**

**ပွဲတော်**-တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်နှင့်ဝါဆိုလများတွင် ဘုရားပွဲတော်၊သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊တန်းဆောင်မုန်းလတွင် ဘုရားပွဲတော်၊နတ်တော်၊ တပို့တွဲလများတွင် နတ်ပွဲများကိုကြီးကျယ် စွာ ကျင်းပကြပါသည်။


**ရွှေ့ပြောင်းလုပ်သား**-တန်ခူးလ၊ ဝါဆို၊ဝါခေါင်၊တန်းဆောင်မုန်းလများတွင် အခြားကျေးရွာ၊မြို့ များသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။သို့မှသာ ဝမ်းစာအတွက်ဖူလုံမှုရရှိကြပါသည်။ ကျေးရွာတွင် အလုပ်အကိုင် ရှားပါးမှုများတွေ့ကြုံကြရပါသည်။၂၀၁၆ ခုနှစ် ကျေးရွာအခြေခံအချက်အလက်ကောက်ယူမှုတွင် ကုလားလူမျိုးစု (၃)အိမ်ထောင်စုရှိသော်လည်း ၄င်း(၃)အိမ်ထောင်စုမှ ရွှေ့ပြောင်းလုပ်သားများ ဖြစ်သဖြင့် လက်ရှိတွင်ကျေးရွာတွင်နေထိုင်မှုမရှိသည်ကိုတွေ့ရပါသည်။လုပ်ငန်းရှားပါးချိန်တွင် အလုပ်အကိုင်အခွင့် အလမ်းများရရှိစေရန် အိမ်တွင်းမှုဝင်ငွေရလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ပါက အဆင်ပြေမည်ဖြစ်ပါသည်။

**ပညာရေး**-ကျေးရွာတွင်ခြေခံပညာအလယ်တန်းကျောင်းရှိပ်သည်အတွက် ကျေးရွာအတွင်းရှိ အလယ်တန်းတက်ရောက်နေသောကျောင်းသားကျောင်းသူများအတွက်အဆင်ပြေပါသည်။

အထက်တန်းပညာရေးကို(၆)မိုင်ခန့်ဝေးသောကျောက်ရစ်ကျေးရွာသို့သွားရောက်ပညာသင်ကြား ရပါသည်။

**ဝင်ငွေ/ထွက်ငွေ**-ဝင်ငွေ/ထွက်ငွေ နှင့်ပတ်သက်၍ဝင်ငွေနည်းပြီး ထွက်ငွေများပါသည်။ဝင်ငွေများများရှိ အလုပ်အကိုင်အခွင့်အလမ်း များ ကျေးရွာ၌ပင်ရရှိရန် လိုအပ်ပါသည်။

### ၆.၄။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယား




### သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားသုံးသပ်ချက်

အမျိုးသမီးများသည် အမျိုးသားများထက် သုံးစွဲမှုပိုင်းတွင် တန်းတူညီတူရှိသော်လည်း အမှန်တကယ် ထိန်းချုပ်မှုပိုင်တွင် အမျိုးသားများကသာ ပိုမိုထိန်းချုပ်ထားသည်။ထို့ကြောင့် အမျိုးသမီးများ ထိန်းချုပ်

မှု အားကောင်းလာစေရန် အမျိုးသမီးများလုပ်ဆောင်နိုင်မည့် အလုပ်အကိုင်များ ရှာဖွေဖန်တီးပေးခြင်း ဖြင့် အမျိုးသမီးများ၏ ထိန်းချုပ်မှုကိုအမျိုးသားများတန်းတူ မြင့်မားလာစေနိုင်ပါသည်။

**၆.၅။ဗင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်**



**သုံးသပ်ချက်**


**ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ**

ကျောင်းကော်မတီ၊ပရဟိတအဖွဲ့၊ရပ်မိရပ်ဖ၊လူငယ်အဖွဲ့(ကျား+မ)၊မီးသတ်အဖွဲ့တို့သည်ကျေးရွာ လုံခြုံရေးအတွက် အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြပါသည်။ဓမ္မစကြာအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့ တို့သည် ကျေးရွာနှင့်ချိတ်ဆက်မှု အားကောင်းပါသည်။

**ကျေးရွာပြင်ပအဖွဲ့အစည်းများ**

ပညာရေး၊ကျန်မာရေး၊မြေစာရင်း၊NGO အဖွဲ့၊ရဲတပ်ဖွဲ့၊ကျေးလက်ဦးစီးဌာနတို့သည် ချိတ်ဆက်မှုအား ကောင်းပြီးကျန်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းကြောင်း တွေ့ရပါသည်။ စိုက်ပျိုးရေးနည်းပညာများ၊မွေးမြူရေးနည်းပညာ၊အိမ်တွင်းမှုနည်းပညာ၊ဗဟုသုတနှင့် အတိုးနည်းချေး ငွေများရရှိစေရန်သက်ဆိုင်ရာဌာနများ၊အစိုးရမဟုတ်သော အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လို အပ်နေသေးကြောင်းတွေ့ရပါသည်။

## ၆.၆။ပင့်ကူအိမ်ကွန်ယက်




## သုံးသပ်ချက်

အမျိုးသားများနှင့် အမျိုးသမီးများ တန်တူအခွင့်အရေး ရရှိမှုကို သိရှိရန် အဆင့်(၈)ဆင့် သတ်မှတ်ပြီး လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

## အိမ်မှုကိစ္စ

အမျိုးသမီးများသည်အမျိုးသားများထက်အိမ်မှုကိစ္စပိုင်းတွင်လုပ်ကိုင်မှုပိုများပါသည်။ထို့ကြောင့်အမျိုး သားများသည်အမျိုးသမီးများနှင့်တန်းတူဖြစ်စေရန် အိမ်မှုကိစ္စများကူညီလုပ်ကိုင်ရန်လိုအပ်ပါသည်။

**ငွေကြေးသုံးစွဲမှု**

အမျိုးသားများသည်အမျိုးသမီးများထက်ငွေကြေးသုံးစွဲမှု ပိုမို များပြားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် အမျိုးသားများ၊အမျိုးသမီးများနှင့်တန်းတူဖြစ်စေရန် ငွေကြေးလျှော့ သုံးစွဲရန်လိုအပ်ပါသည်။

**ရင်းမြစ်သုံးစွဲမှု**

အမျိုးသားများသည် အမျိုးသမီးများထက် ရင်းမြစ်သုံးစွဲမှု များပြီး အမျိုးသမီးများ တန်းတူသုံးစွဲနိုင်ရန် ပြေဆိုသင်ပြပေးရန် လိုအပ်ပါသည်။

**လူမှုရေး**

အမျိုးသားများသည် အမျိုးသမီးများထက် လူမှုရေးလုပ်ငန်းများ ပိုမို လုပ်ဆောင်ကြပါသည်။အမျိုးသမီးများ လူမှုရေးလုပ်ငန်းများပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ပါသည်။

**စီးပွားရေး**

အမျိုးသားများသည်အမျိုးသမီးများထက် ပိုမိုစီးပွားရှာနိုင်ပါသည်။ထို့ကြောင့် အမျိုးသမီးများ တန်းတူစီးပွားရှာနိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။

**ဆုံးဖြတ်ချက်ချမှု**

အမျိုးသားများသည်အမျိုးသမီးများထက်ဆုံးဖြတ်ချက်ချမှုကောင်းမွန်ပါသည်။အမျိုးသမီးများဆုံးဖြတ်မှုကောင်းမွန်စေရန် အတွေးအခေါ်များ သင်ကြားပြသပေးရန် လိုအပ်ပါသည်။

**ပညာရေး**

အမျိုးသားများသည် အမျိုးသမီးမျာထက် ပညာသင်ကြားမှု ပိုမိုကောင်းမွန်ပါသည်။တန်းတူဖြစ်စေရန် အတွက် အမျိုးသမီးများအား အခွင့်အရေးပေးရန် လိုအပ်ပါသည်။

**စေ့စပ်သေချာမှု**

အမျိုးသမီးများသည် အမျိုးသားများထက် အလုပ်လုပ်ရာတွင် စေ့စပ်သေချာမှု ရှိပါသည်။ အမျိုးသမီးများနှင့်တန်းတူဖြစ်စေရန် အမျိုးသားများ အလုပ်လုပ်ရာတွင် အလေးထားလုပ်ကိုင်ရန် လိုအပ်ပါသည်။

## ၆.၇။အမျိုးသားများတင်ပြသော အခက်အခဲအတားအဆီးများ

- လျှပ်စစ်မီးမရှိခြင်း
- ရွာချင်းဆက်လမ်းများမကောင်းခြင်း
- ရွာတွင်းလမ်းများမကောင်းခြင်း
- စာသင်ကျောင်းခြံစည်းရိုးမရှိခြင်း
- မီးဘေးကာကွယ်မှုအတွက်ကြိုတင်ပြင်ဆင်မှုမရှိခြင်း
- စိုက်ပျိုးရေးနည်းပညာများလိုအပ်ခြင်း
- စိုက်ပျိုးစရိတ်ချေးငွေများလိုအပ်ခြင်း
- သီးနှံမျိုးကောင်းမျိုးသန့်များလိုအပ်ခြင်း

## အကျိုးဆက်များ

။၁။လျှပ်စစ်မီးမရှိခြင်းကြောင့် အမျိုးသမီးများမှာ ထင်းရှာဖွေရခြင်း၊လောင်စာတုံးများ ပြုလုပ် နေရခြင်း ၊ညအချိန်တွင်သွားလာရေးအဆင်မပြေခြင်း၊ကျောင်းသားကျောင်းသူများစာကျက်ရာတွင် အခက်အခဲရှိခြင်း။

၂။ရွာချင်းလမ်းမကောင်းခြင်းကြောင့် ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေတွင် ဆေးရုံသို့ အချိန်မှီရောက်ရှိရန် ခက်ခဲခြင်း၊စိုက်ပျိုးသီးနှံများထုတ်လုပ်ရောင်းချရာတွင် စရိတ်ကြီးမြင့် ခြင်း။

၃။ရွာတွင်းလမ်းများမကောင်းခြင်းကြောင့် မိုးရာသီတွင် သွားလာရေးခက်ခဲခြင်း။

၄။စာသင်ကျောင်းခြံစည်းရိုးမရှိခြင်းကြောင့် ကျောင်းသားကျောင်းသူများအတွက် စာပေသင်ကြား ရာတွင် လုံခြုံမှုမရှိခြင်း။

၅။မီးဘေးအတွက် ကြိုတင်ပြင်ဆင်မှုမရှိခြင်းကြောင့် မီးဘေးတွေ့ကြုံပါက မီးသတ်ရန်အတွက် မီးသတ်ရေကန် နှင့် ရေ မရှိသော အခက်အခဲများရှိပါသည်။

၆။စိုက်ပျိုးရေးအတွက် ခေတ်မှီနည်းပညာမရှိခြင်းကြောင့် သီးနှံများလေလွင့်ဆုံးရှုံးခြင်း။

၇။စိုက်ပျိုးရေးအတွက် စရိတ်မလုံလောက်ခြင်းကြောင့် တောင်သူများစိုက်ပျိုးစရိတ်အတွက် ပြင်ပမှ အ

တိုးနှုန်းကြီးမြင့်စွာငွေချေးယူရခြင်း။

၈။သီးနှံမျိုးကောင်းမျိုးသန့်မရှိခြင်းကြောင့် မိမိတို့တွင်ရှိနေသောသီးနှံမျိုးများကိုသာ စိုက်ပျိုးရသော ကြောင့် သီးနှံအထွက်နှုန်းလျော့ကျခြင်း

## ဖြေရှင်းနည်း

- လျှပ်စစ်မီးသွယ်တန်းခြင်း
- ရွာချင်းဆက်လမ်းများကောင်းမွန်စေရန် ပြုပြင်ခြင်း
- ရွာတွင်းလမ်းများကောင်းမွန်စေရန်ပြုပြင်ခြင်း

- စာသင်ကျောင်းခြံစည်းရိုးတည်ဆောက်ခြင်း
- မီးဘေးကာကွယ်မှုအတွက်ကြိုတင်၍ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေပိုက် မီးသတ်ခေါင်းများဂယ်ခြင်း
- စိုက်ပျိုးရေးနည်းပညာများသင်တန်းတက်ရောက်ခြင်းနှင့်လက်တွေ့အသုံးချခြင်း
- စိုက်ပျိုးစရိတ်ချေးငွေများကိုနိုင်ငံတော်မှအတိုးနှုန်းသက်သာစွာဖြင့်ချေးငှားခြင်း
- လိုအပ်သောသီးနှံမျိုးကောင်းမျိုးသန့်များကို နိုင်ငံတော်မှာမျိုးစေ့ဘဏ်နှင့် ချိတ်ဆက်ဆောင် ရွက်ပေးခြင်း

**၆.၈။အမျိုးသမီးများ တင်ပြလာသော အခက်အခဲများ**

- လျှပ်စစ်မီးမရှိခြင်း
- ရွာချင်းဆက်လမ်းများမကောင်းခြင်း
- ရွာတွင်းလမ်းများမကောင်းခြင်း
- စာသင်ကျောင်းခြံစည်းရိုးမရှိခြင်း
- စာကြည့်တိုက်မရှိခြင်း
- အိမ်တွင်းဂင်ငွေရလုပ်ငန်းများမလုပ်တတ်ခြင်း

**အကျိုးဆက်များ**

၁။လျှပ်စစ်မီးမရှိခြင်းကြောင့် အမျိုးသမီးများမှာ ထင်းရှာဖွေရခြင်း၊လောင်စာတုံးများပြုလုပ်နေရခြင်း ၊ညအချိန်တွင်သွားလာရေးအဆင်မပြေခြင်း၊ကျောင်းသားကျောင်းသူများစာကျက်ရာတွင် အခက်အခဲရှိခြင်း။

၂။ရွာချင်းလမ်းမကောင်းခြင်းကြောင့် ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေတွင် ဆေးရုံသို့အချိန်မှီရောက်ရှိရန် ခက်ခဲခြင်း၊စိုက်ပျိုးသီးနှံများထုတ်လုပ်ရောင်းချရာတွင် စရိတ်ကြီးမြင့် ခြင်း။

၃။ရွာတွင်းလမ်းများမကောင်းခြင်းကြောင့် မိုးရာသီတွင် သွားလာရေးခက်ခဲခြင်း။

၄။စာသင်ကျောင်းခြံစည်းရိုးမရှိခြင်းကြောင့် ကျောင်းသားကျောင်းသူများအတွက် စာပေ သင်ကြား ရာတွင် လုံခြုံမှုမရှိခြင်း။

၅။စာကြည့်တိုက်မရှိခြင်းကြောင့် အသိပညာ၊ဗဟုသုတနည်းပါးခြင်းနှင့်တွေးခေါ်နိုင်မှုမရှိခြင်း။

၆။အိမ်တွင်းဝင်ငွေရ လုပ်ငန်းများတတ်မြောက်မှုမရှိသောကြောင့် ဝင်ငွေနည်းပါးခြင်း။

**ဖြေရှင်းနည်း**

- လျှပ်စစ်မီးသွယ်တန်းခြင်း
- ရွာချင်းဆက်လမ်းများကောင်းမွန်စေရန်ပြုပြင်ခြင်း
- ရွာတွင်းလမ်းများကောင်းမွန်စေရန်ပြုပြင်ခြင်း

- စာသင်ကျောင်းခြံစည်းရိုးတည်ဆောက်ခြင်း
- စာကြည့်တိုက်တည်ဆောက်ခြင်း
- အိမ်တွင်းဝင်ငွေရလုပ်ငန်းနည်းပညာသင်တန်းတက်ရောက်ခြင်းနှင့်ဝင်ငွေလုပ်ငန်းများ လုပ်ကိုင်ခြင်း

**အမျိုးသား၏ မျှော်မှန်းချက်များ**

- လျှပ်စစ်မီး(၂၄)နာရီရှိနေခြင်း
- ရွာချင်းဆက်လမ်းများကောင်းမွန်ပြီးလွယ်ကူလျင်မြန်စွာသွားလာနေခြင်း
- ရွာတွင်းလမ်းများကောင်းမွန်ပြီးသွားလာရေးအဆင်ပြေချောမွေ့ခြင်း
- ကျောင်းသားကျောင်းသူများလုံခြုံစိတ်ချစွာပညာသင်ကြားနေခြင်း
- မီးဘေးကာကွယ်မှုအတွက်ကြိုတင်၍ရေလှောင်ကန်ရှိခြင်းနှင့် ရေပိုက်၊ မီးသတ်ခေါင်းများ အဆင် သင်ဖြစ်ခြင်း(သို့)မီးသတ်ကားရှိခြင်း
- စိုက်ပျိုးရေးနည်းပညာများလက်တွေ့အသုံးချခြင်း
- စိုက်ပျိုးစရိတ်ချေးငွေများလုံလောက်နေခြင်း
- သီးနှံမျိုးကောင်းမျိုးသန့်များဖြင့်စိုက်ပျိုးပြီးသီးနှံအထွက်နှုန်းကောင်းမွန်ခြင်း

**အမျိုးသမီးများ၏ မျှော်မှန်းချက်များ**

- လျှပ်စစ်မီး(၂၄)နာရီရှိနေခြင်း
- ရွာချင်းဆက်လမ်းများကောင်းမွန်ပြီးလွယ်ကူလျင်မြန်စွာသွားလာနေခြင်း
- ရွာတွင်းလမ်းများကောင်းမွန်ပြီးသွားလာရေးအဆင်ပြေချောမွေ့ခြင်း
- ကျောင်းသားကျောင်းသူများလုံခြုံစိတ်ချစွာပညာသင်ကြားနေခြင်း
- စာကြည့်တိုက်တည်ဆောက်ပြီးစီးပြီးကျေးရွာသူ/သားများစာကြည့်တိုက်မှာစာပေများ ဖတ်ရှုလေ့လာနေခြင်း
- အိမ်တွင်းဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့်အမျိုးသမီးများဝင်ငွေရရှိနေခြင်း

**၆.၉။မြစ်ဆုံကျေးရွာအမျိုးသား၊အမျိုးသမီးများ ဦးစားပေးရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

- ရွာချင်းဆက်လမ်းပြုပြင်ခြင်း
- လျှပ်စစ်မီးသွယ်တန်းခြင်း
- ရွာတွင်းလမ်းများပြုပြင်ခြင်း

- စာသင်ကျောင်းခြံစည်းရိုးတည်ဆောက်ခြင်း
- စာကြည့်တိုက်တည်ဆောက်ခြင်း

**လုပ်ဆောင်မှုများ**

ကျေးရွာအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများအတွက် အဓိက ဦးစားပေး ပြသနာများ ဖော်ထုတ်ရာတွင် အမျိုးသားများ၊အမျိုးသမီး များ တင်ပြလာသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေးလုပ်ငန်းအဖြစ် အဆင့်သတ်မှတ်ရာတွင် အကျိုးဝင်သောလုပ်ငန်းများကိုသာ ကျေးရွာလူထု၏သဘောတူညီဖြင့် လုပ်ငန်းများကိုဦးစားပေးရွေးချယ်ပါသည်။အမျိုးသားများ တင်ပြလာသော ပြသနာများနှင့် အမျိုးသမီးများ တင်ပြလာသောပြသနာများကို ပေါင်း၍ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပါသည်။ဦးစားပေးပြသနာများကို အနည်းဆုံး (၅)ခုအထိ တင်ပြ ဆွေးနွေးခဲ့ပါသည် ။ ဦးစားပေး ပြသနာ၏ ပထမဆုံး အဆင့်ရှိ စီမံကိန်း လုပ်ငန်းသည်ကျေးရွာ၏ စီမံကိန်း ဒုတိယနှစ်တွင် ဖြစ်ချင်သော ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။

**ကျေးရွာ မျှော်မှန်းချက်(ဆွေးနွေးချက်မှ ရရှိလာသောရလဒ်များ)**

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများ

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်းချက် | ကျေးရွာလမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ပြီးစီးပွားရေး၊ပညာ ရေး၊ ကျန်းမာရေး၊လူမှုရေးကောင်းမွန်လာရမည်။မွေးမြူရေးနည်းပညာ၊အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းပညာများတက်မြောက်လာမှုကြောင့်ဝင်ငွေအခွင့်အလမ်းများရရှိကာ၊စီးပွားရေးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။ |
| အနာဂတ် တွင် ကျေးရွာပိုမို ဖွံ့ဖြိုးတိုးတက် စေရန် ကျေးရွာ သူ/သားများ ၏ မျှော်မှန်းချက် | လူထုဗဟိုပြုစီမံကိန်း၏ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေကိုအသုံးချ ပြီးလမ်းပန်း ဆက်သွယ်ရေးများကောင်းမွန်လာစေရန်၊စာသင်ကျောင်းကောင်းမွန်လာမည်ဖြစ်သည်။ကျေးရွာ ရှိလူငယ်လူရွယ်များလမ်းမှားသို့မရောက်စေရန် ကျေးရွာစာကြည့်တိုက် တခုတည်းရှိချင်ပါသည်။ ရွာချင်းဆက်လမ်းများ ကောင်းမွန်လာပြီးဒေသ စီးပွားရေး၊လူမှုရေး၊ကျန်းမာရေး၊ပညာရေး၊တိုးတက်ကောင်းမွန်လာမည်။အကောင် အထည်မဖော်နိုင်သောလုပ်ငန်းများကိုသက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်လုပ်ကိုင် မည်။ မြို့နယ်အတွင်းသို့အစိုးရမဟုတ်သောအဖွဲ့အစည်း များဝင်ရောက်မှုရှိပါက ကျေးရွာ၏ လိုအပ်ချက်များကိုတင်ပြပြီး အကူအညီတောင်းခံမှုများ ပြုလုပ် မည်ဖြစ်သည်။ |

အချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေး

တိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်းကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်ခလစာများရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသမီး/သားခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့သည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅၀%)ပါဝင်ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

ကျေးရွာ/ကျေးရွာအုပ်စုအမည်-မြစ်ဆုံကျေးရွာ၊မြစ်ဆုံကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင် အမျိုးသား/သမီးများ အချိုးညီစွာတက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏ စကားသံများပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအားပေးကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့် နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများ တို့ကို လုပ်ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်းနွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီ အချိန်များ က | √ | | |

| | | | | |
|---|---|---|---|---|
| | ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီး များနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀:၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက် ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

ကော်မတီဝင်များ ရွေးချယ်ခြင်း ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်နေမှုမှတ်တမ်း





ပြုစုသူ

ဦးခိုင်ဆွေလင်း(လူထုစည်းရုံးရေးမှူး)

**၇။ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ**

**ကျေးရွာအုပ်စု စီ/ထောက် ဥက္ကဌ နှင့် အဖွဲ့ဂင်**

ဥက္ကဌ(ကျား) =ဦးအေးကို(0947220949)
ဥက္ကဌ(မ) =ဒေါ်တင်မာလွင်(09797318225)
အဖွဲ့ဂင် =ဦးစန်းမောင်(09797469928)

**ဘဏ္ဍာရေးကော်မတီ**

ဒေါ်မြလေးနွယ်(ကျေးရွာစာရင်းကိုင်)-09259908932
ဦးစိုးဝင်း(အုပ်စုစာရင်းကိုင်)-09256471543
ဦးသန့်ဇင်(ဘဏ္ဍာရေးမှူး)-09794758415
ဒေါ်မြင့်မော်(ငွေကိုင်)

**ဂေဖန်အကြံပြု တိုင်ကြားရေး ကော်မတီ**

ဦးစိန်အောင်(ဥက္ကဌ)-09259243931
ဒေါ်သော်တာထွေး(အတွင်းရေးမှူး)-0931241499
ဦးကျော်မင်း(အဖွဲ့ဝင်)-09792205491

**ဝယ်ယူရေးကော်မတီ**

ဦးခင်မောင်အေး(ခေါင်းဆောင်)-09794758416
ဒေါ်စန္ဒာဌေး(အဖွဲ့ဝင်)
ဒေါ်နွဲ့နွဲ့သင်း(အဖွဲ့ဝင်)-09971007145
ဒေါ်မွန်မွန်ဦး(အဖွဲ့ဝင်)-09792035052

**လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ**

ဦးအောင်ကြင်(ခေါင်းဆောင်)-09960159551
ဦးထိန်လင်း(အဖွဲ့ဝင်)-09256175509
ဒေါ်ရီချို(အဖွဲ့ဝင်)-090841939

**စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

ဦးဝင်းနိုင်(ခေါင်းဆောင်)-09440592334
ဒေါ်ပုလဲမော်(အဖွဲ့ဝင်)-09789266772
ဒေါ်နွဲ့ရီ(အဖွဲ့ဝင်)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးမောင်ထိုက် | ၀၉-၇၇၁၁၇၃၈၈၆၅ | | ဦးမျိုးဆောင်ထွန်း |
| ပြည်နယ်၊တိုင်းဒေသကြီး စစ်ကိုင်း မြို့နယ် ရေဘော် | ကျေးရွာအုပ်စု မြစ်ဆုံ | | ကျေးရွာ မြစ်ဆုံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ-- | ၆၁၃ | ဘာသာ (၁) ဗုဒ္ဓ------- | ၆၁၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃၀ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၉၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ-- | ၁၂၇၈ | ၁၄၉၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၁၃ | ၉၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |

| | | | | | |
|---|---|---|---|---|---|
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွ မှလာသူ |
| မူ[illegible]န်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၁ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/ဓမော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်-------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --၂၀၀၄,--၂၀၁၅----------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | [illegible] |
| | လက်မှတ် | နေ့စွဲ 25.12.2016 |
| လူထုစည်းရုံးရေးမှူး | အမည် | [illegible] |
| | လက်မှတ် | နေ့စွဲ 25.12.2016 |

လူထုဝပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၀၁.၂၀၁၆

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမျိုးကျော်ထွန်း | | | | | |
| နေ့စွဲ 25.12.2016 | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] | | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 25.12.16 | 25.12.16 | 210 | 169 | 379 | ဗမာ | 379 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 26.12.16 | 26.12.16 | 223 | 231 | 454 | ဗမာ | 454 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 26.12.16 | 26.12.16 | 223 | 231 | 454 | ဗမာ | 454 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 3.1.207 | 3.1.2017 | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 12.1.2017 | 12.1.2017 | 143 | 182 | 325 | ဗမာ | 325 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးရေးအစီအစဉ် ရေးဆွဲခြင်း | 24.2.17 | 24.2.17 | 155 | 169 | 324 | ဗမာ | 324 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 24.2.17 | 24.2.17 | 155 | 169 | 324 | မှန | 324 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 24.2.17 | 24.2.17 | 155 | 169 | 324 | မှန | 324 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 24.2.17 | 24.2.17 | 155 | 169 | 324 | မှန | 324 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမျိုးဇော်ထွန်း | | | |
| နေ့စွဲ ၂၆.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် မြောင် | ကျေးရွာအုပ်စု မြစ်ဆုံ | ကျေးရွာ မြစ်ဆုံ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မရှိ | ၁ | လျှပ်စစ်မီး မရှိ |
| ၂ | ရွာချင်းဆက်လမ်းမကောင်း (မြစ်ဆုံ-ဒေါင်းခွဲ) | ၂ | ရွာချင်းဆက်လမ်းမကောင်း (မြစ်ဆုံ-ဒေါင်းခွဲ) |
| ၃ | ရွာတွင်းလမ်း မကောင်း | ၃ | ကျေးရွာတွင်းလမ်း မကောင်း |
| ၄ | ကျောင်းခြံစည်းရိုး မလုံခြုံ (အ.လ.က-ခွဲ) | ၄ | ကျောင်းခြံစည်းရိုး မလုံခြုံ (အ.လ.က-ခွဲ) |
| ၅ | မီးဘေးကာကွယ်မှုမရှိ | ၅ | စာကြည့်တိုက်မရှိ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တစ်ရွာလုံး (၂၄) နာရီ မီးလင်း | ၁ | တစ်ရွာလုံး (၂၄) နာရီ လျှပ်စစ်မီး လင်း |
| ၂ | ရွာချင်းဆက်လမ်းကောင်း [မြစ်ဆုံ-ဒေါင်းခွဲ ကျောက်ချော] | ၂ | ရွာချင်းဆက်လမ်းကောင်း [မြစ်ဆုံ-ဒေါင်းခွဲ ကျောက်ချော] |
| ၃ | ရွာတွင်းလမ်းကောင်း (ကျောက်ချော) | ၃ | ရွာတွင်းလမ်းကောင်း (ကျောက်ချော) |
| ၄ | လုံခြုံသော စာသင်ကျောင်း (အ.လ.က-ခွဲ) | ၄ | လုံခြုံသော စာသင်ကျောင်း (အ.လ.က-ခွဲ) |
| ၅ | မီးသတ်ကားရှိ | ၅ | စာကြည့်တိုက်ရှိ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း [မြစ်ဆုံ-ဒေါင်းခွဲ ကျောက်ချောလမ်း] | အမျိုးသား+အမျိုးသမီး | ၃၈၀၀၀၀၀၀ | ၂၀၂၃ |
| ၂ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး | " | [illegible] | ၂၀၂၃ |
| ၃ | ကျေးရွာတွင်းလမ်း (ကျောက်ချော) | " | [illegible] | ၂၀၂၃ |
| ၄ | ကျောင်းခြံစည်းရိုး [[illegible] အ.လ.က-ခွဲ] | " | ၁၅၀၀၀၀၀၀ | ၂၀၂၃ |
| ၅ | | " | | |

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စာကြည့်တိုက် | အမျိုးသား+အမျိုးသမီး | |
| ၂ | မီးသတ်ကား | " | |
| ၃ | စိုက်ပျိုးစရိတ်ချေးငွေ | အမျိုးသား | |
| ၄ | စိုက်ပျိုးရေးနည်းပညာသင်တန်း | " | |
| ၅ | မျိုးကောင်း၊ မျိုးသန့် ရရှိရေး | " | |

• [illegible] အမျိုးသမီး

• ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအေးကို လက်မှတ် [signature] နေ့စွဲ ၂၆-၅-၂၀၁၆

ဒေါ်ကင်မာလွင် Lwin ၂၆.၅.၂၀၁၆

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၁.၂၀၁၆

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးမျိုးဇော်ထွန်း | | | |
| နေ့စွဲ ၂၆.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ရေဦး | ကျေးရွာအုပ်စု မြစ်သုံ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မြစ်သုံ | [illegible] | ၄၃၉၀' x ၁၂' x .၁၀' | ၂၈၂၃ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၃၇၀၀၀၀၀၀ | | | | ၃၇၀၀၀၀၀၀ |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦး[illegible] ၂၆.၁၂.၂၀၁၆

ဒေါ်တင်မောလွင် ၂၆.၁၂.၂၀၁၆

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ကျေးရွာအစည်းအဝေးမှတ်တမ်း**

| | |
|---|---|
| ကျေးရွာ ။ | ။မြစ်ဆုံကျေးရွာ |
| ကျေးရွာအုပ်စု။ | ။မြစ်ဆုံကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ။ | ။ဓမ္မာရုံ၊မြစ်ဆုံကျေးရွာ။ |
| နေ့စွဲ ။ | ။၂၅.၁၂.၂၀၁၆ |
| အကြောင်းအရာ။ | ။ဒုတိယနှစ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ပထမအကြိမ် အစည်းအဝေးပြု လုပ်ခြင်း။ |
| အစည်းအဝေးတက်ရောက်သူများ။ | ။ကျေးရွာသား(၂၀၉)ဦး၊ ကျေးရွာသူ (၁၆၈)ဦး၊ စေတနာ့ဝန်ထမ်း (၂) ဦး |

**ဆွေးနွေးချက်များ**

-ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း

-လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများမှ ကျေးရွာလူထုအားအသိပေးမိတ်ဆက်ခြင်း

-လူထုစည်းရုံးရေးမှူးမှ ဒုတိယနှစ်စက်ဂန်းလူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ကျေးရွာလူထုအားထပ်မံမိတ်ဆက်ရှင်းလင်းပေးခဲ့ပါသည်။

-စီမံကိန်းဒုတိယနှစ်တွင်လည်းစီမံကိန်းအနေဖြင့် အပိုင်း(၆)ပိုင်းအဆင့်(၁၄)အတိုင်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းချပြရှင်းလင်းခဲ့ပါသည်။

-လက်ထောက်နည်းပညာမှူးမှ စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် အဓိကတာဝန်ရှိသူများနှင့်ပူးပေါင်းလုပ်ဆောင်ရမည်။အဓိကတာဝန်ဝတ္တရားများအကြောင်းကို ကျေးရွာလူထုအားအသိပေးဆွေးနွေးခဲ့ပါသည်။

-စီမံကိန်းဒုတိယနှစ်တွင် တာဝန်ထမ်းဆောင်ရန်ကျေးရွာစေတနာ့ဝန်ထမ်းများပြန်လည်ရွေးချယ်ရန် အစီအစဉ်ရှိမရှိ ဆွေးနွေးရာ ကျား(၁)ဦးမှာ ပြောင်းလဲမှုရှိကြောင်းငှင်းနေရာအတွက် အစားထိုး(၁)ဦး အားကျေးရွာလူထုအားလုံးမှာရွေးချယ်တင်မြှောက်ခဲ့ပါသည်။

-စီမံကိန်းပထမနှစ်မှ ပြုလုပ်ထားသော လူထုပူးပေါင်းပါဝင်သောလူထုဆန်စစ်ခြင်းများကိုလည်း ကျေးရွာ လူထုအားချပြဆွေးနွေးပြီးလိုအပ်သည်များထပ်မံဖြည့်စွက်ခဲ့ပါသည်။

-လူထုစည်းရုံးရေးမှူးမှ ပြန်လည်အနှစ်ချုပ်တင်ပြဆွေးနွေးခဲ့ပါသည်။

**ဆုံးဖြတ်ချက်များ**

-စီမံကိန်းပထမနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ကျေးရွာစေတနာ့ဝန်ထမ်းမ(၁)ဦး နှင့် ဒုတိယနှစ်တွင် ကျေးရွာလူထုအားလုံးမှ ရွေးချယ်တင်မြှောက်ပေးခဲ့သော ကျား(၁)ဦး တို့မှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်သဘောတူခဲ့ပါသည်။

-ဒုတိယ အကြိမ်အစည်းအဝေးကိုလည်းကျေးရွာလူထုများအားလပ်သောအချိန်၊နေ့ရက်များတွင် ပြုလုပ်ရန်သဘောတူဆုံးဖြတ်ခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ကျေးရွာအစည်းအဝေးမှတ်တမ်း**

| | |
|---|---|
| ကျေးရွာ ။ | ။မြစ်ဆုံကျေးရွာ |
| ကျေးရွာအုပ်စု။ | ။မြစ်ဆုံကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ။ | ။ဓမ္မာရုံ၊မြစ်ဆုံကျေးရွာ။ |
| နေ့စွဲ ။ | ။၂၆.၁၂.၂၀၁၆ |
| အကြောင်းအရာ။ | ။ဒုတိယနှစ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ဒုတိယ အကြိမ် အစည်းအဝေးပြု လုပ်ခြင်း။ |
| အစည်းအဝေးတက်ရောက်သူများ။ | ။ကျေးရွာသား(၂၂၃)ဦး၊ ကျေးရွာသူ(၂၃၁)ဦး၊ စေတနာ့ဝန်ထမ်း (၂) ဦး |

**ဆွေးနွေးချက်များ**

-ကျေးရွာအုပ်ချုပ်ရေးမှူးမှာအဖွင့်အမှာစကားပြောကြားခြင်း

-လူထုစည်းရုံးရေးမှူးမှ ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဆွေးနွေး ပြီး ဒုတိယအကြိမ်အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ကျေးရွာလူထုအားရှင်းလင်းဆွေးနွေးခဲ့ပါသည်။

-အစည်းအဝေးတက်ရောက်လာသောကျေးရွာလူထုအားအမျိုးသားအမျိုးသမီးအဖွဲ့ငယ်များခွဲ၍ မိမိတို့၏ အခက်အခဲအတားအဆီးများ၊နောင်လမည့်(၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုဆွေးနွေးစေပြီး ကိုယ်စားပြု ကျား(၁)ဦးနှင့် မ(၁)ဦးရွေးချယ်စေပြီး ကျေးရွာလူထုအားပြန်လည်ချပြဆွေးနွေးခဲ့ပါသည်။

-လူထုစည်းရုံးရေးမှူးမှ ဆွေးနွေးချက်များအားပြန်လည်အနှစ်ချုပ်ဆွေးနွေးပြီး အမျိုးသားများတင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် အမျိုးသမီးများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုစုပေါင်းပေးခဲ့ပါသည်။

-လူထုဗဟိုပြုစီမံကိန်း၏ လည်မည်(၃)နှစ်အတွက်အကျိုးဝင်သောဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အကျိုးမဝင်သော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကြောင်းကို လက်ထောက်နည်းပညာမှူးမှ ကျေးရွာလူထုအားရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

-ကျေးရွာလူထုမှ တင်ပြသောဆွေးနွေးထားသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကျိုးဝင်သောလုပ်ငန်း အကျိုးမဝင်သောလုပ်ငန်းများခွဲခြားပြီး အကျိုးဝင်သောလုပ်ငန်းများကိုမဲပေးကာဦးစားပေးအဆင့်များ သတ်မှတ်ခဲ့ပါသည်။

-စီ/ထောက်ကော်မတီဝင်များ ပြောင်းလဲမှုရှိမရှိကိုလည်းဆွေးနွေးခဲ့ပါသည်။

**ဆုံးဖြတ်ချက်များ**

-လူထုဗဟိုပြုစီမံကိန်း၏နောင်လာမည့်(၃)နှစ်အတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအားမဲပေးပြီးအဆင့်များကိုအောက်ပါအတိုင်းသဘောတူသတ်မှတ်ခဲ့ပါသည်။

၁. ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး(ကျား/မ)

၂။ကျေးရွာချင်းလမ်းပြုပြင်ခြင်း(မြစ်ဆုံ-ခေါင်းခွဲ ကျောက်ချောလမ်း)(ကျား/မ)

၃။ကျေးရွာတွင်းလမ်းပြုပြင်ခြင်း(ကျောက်ချော)(ကျား/မ)

၄။စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း(ချိန်းလင့်)(ကျား/မ)

စီထောက်ကော်မတီဝင်များ ပြောင်းလဲမှုမရှိဘဲ ယခင်နှစ်အတိုင် ဆက်လက်တာဝန်ထမ်းဆောင်ရန် အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

## ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

## မြစ်ဆုံကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာချင်းဆက်လမ်းပြုပြင်ခြင်း | ကျား၊မ | ၂၀၁၇ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ကျေးရွာမီးလင်းရေး | ကျား၊မ | ၂၀၁၇ | မီးကော်မတီဝင် ကျေးရွာလူထု | ကျေးရွာလူထု |
| | ၃ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | မ | - | ကော်မတီဝင် ကျေးရွာလူထု - | လူထုဗဟိုပြု စီမံကိန်း - |
| | ၄ | ရွာတွင်းလမ်းများပြုပြင်ခြင်း | ကျား၊မ | - | ကော်မတီဝင် ကျေးရွာလူထု - | လူထုဗဟိုပြု စီမံကိန်း - |
| | ၅ | | | - | - | - |
| အသက်မွေးဝမ်းကြောင်း၊ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျား | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၂ | မျိုးကောင်းမျိုးသန့် | ကျား | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၃ | အိမ်တွင်းလက်မှုပညာသင်တန်း | မ | - | - | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးရေးဌာန |
| | ၄ | | | - | | -- |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| အခြား | ၁ | စိုက်ပျိုးစရိတ်ချေးငွေ | ကျား | | | မြို့နယ်စိုက်ပျိုးရေးဘဏ် |
| | ၂ | | | | | |
| | ၃ | | | | | |

VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ--- ကျေးရွာ--- VDP ရက်စွဲ----

မြို့နယ်--- ကျေးရွာအုပ်စု-----

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။(OM အရ )

- မျက်နှာဖုံး(အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့်နောင်လေးနှစ်အတွက် ဦးစားပေး လုပ်ငန်းများစာရင်း(အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုထိန်းသိမ်းမှု...) နောက်ဆက်တွဲများ
- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်(ဖြစ်နိုင်လျှင်)၊မြေပုံများပါ ရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သော ဦးရေ (အမျိုးသား/အမျိုးသမီး)-
- လူမှုရေးအကဲဖြတ်အရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်း သားအနည်းစုနှင့်ထိခိုက်လွယ်အဖွဲ့များ)
- အလွန်ကောင်း
- ကောင်း
- ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားထားသလား။
- ရှိ
- မရှိ
- စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-
- PRA နှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေ အတွက်)-